ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၇ ) ၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေအကြောင်း | ၂ - ၃ |
| ၂။ | ILO ကွန်ဗင်းရှင်း အမှတ် ၈၇ အရ အလုပ်သမားများ သပိတ်မှောက်ခွင့်ရှိကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံး ICJ မှ Advisory Opinion ချမှတ်ခြင်း" | ၄ - ၆ |
| ၃။ | တရားစွဲဆိုခြင်းမပြုမီ အမှုသည်သေဆုံးခြင်းနှင့် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းအကြောင်း | ၇ - ၉ |
| ၄။ | စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့်ဉာဏ်ရည်တု(AI)နည်းပညာပြဿနာ | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၇)

၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်

# အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့်ဥပဒေအကြောင်း

ယနေ့ခေတ်တွင် အင်တာနက်နှင့်ဒီဂျစ်တယ်နည်းပညာများကို ကျယ်ပြန့်စွာအသုံးပြုလာသဖြင့် အွန်လိုင်းလိမ်လည်မှုများ ပိုမိုများပြားပြီးဆိုးရွားလာပါသည်။အွန်လိုင်းလိမ်လည်မှုဆိုသည်မှာ အင်တာနက်ကို အသုံးပြု၍ ငွေကြေး သို့မဟုတ် ကိုယ်ရေးအချက်အလက် သို့မဟုတ် ပစ္စည်းများကို လိမ်လည်လှည့်ဖြား ရယူခြင်းပင် ဖြစ်ပါသည်။ကမ္ဘာတစ်ဝန်းတွင် အွန်လိုင်းလိမ်လည်မှုများက ခြိမ်းခြောက်လျက်ရှိပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံတို့တွင် အွန်လိုင်းလိမ်လည်မှုနှင့် စပ်လျဉ်းသည့် ဥပဒေများ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူထိခိုက်နစ်နာဆုံးရှုံးမှုများကို တားဆီး ကာကွယ်နိုင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများကို အမြစ်ပြတ်ဖော်ထုတ် အရေးယူဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီး အများပြည်သူက သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ၁၄-၅-၂၀၂၆ရက်နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြထားသည့်အပြင် ပြည်ထောင်စုလွှတ်တော်ရုံးသို့ အကြံပြုစာများပေးပို့နိုင်ကြောင်းလည်း တွေ့ရှိ ရပါသည်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းတွင် အခန်း ၁၃ ခန်းနှင့် ပုဒ်မပေါင်း ၆၃ ခု ပါရှိပါသည်။ယင်းဥပဒေကြမ်းတွင် အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများကို ထိရောက်စွာ အရေးယူ ဆောင်ရွက်ရန် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီများ နှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနတို့ ဖွဲ့စည်းထားရှိခြင်း၊ တားဆီးကာကွယ်ခြင်းအခန်းတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ မိုလ်ဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ပေးခြင်း နှင့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုများ စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့သတင်းပို့ရခြင်း၊ သတင်း အချက်အလက် အပြန်အလှန်ဖလှယ်ခြင်းအခန်းတွင် သတ်မှတ်ထားသည့်အဖွဲ့အစည်းများက သံသယ ဖြစ်ဖွယ်အကောင့်များ၊ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာအချက်အလက်များကို ဗဟို

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၇) ၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်

ဒေတာစနစ်မှတစ်ဆင့် အပြန်အလှန်ဖလှယ်ရခြင်း၊ ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းအခန်းတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ အမြန်ဆုံးအကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန် တောင်းဆိုနိုင်ခြင်းနှင့် အဆိုပါတောင်းဆိုချက်ကို လက်ခံရရှိသည့်အဖွဲ့အစည်းက သံသယဖြစ်ဖွယ်ငွေစာရင်းကို ယာယီဆိုင်းငံ့ခြင်းအား ချက်ချင်းဆောင်ရွက်ရခြင်း၊နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအခန်းတွင် အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုများကို ပြည်ပနိုင်ငံများ၊အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊အာဆီယံရဲအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရသည့်ကိစ္စရပ်များကို ဖော်ပြထားခြင်း၊ တားမြစ်ချက်များအခန်း၌ အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုမည့်ဆော့ဝဲလ်၊ မော့ဝဲလ် သို့မဟုတ် လင့်များကိုဖန်တီးခြင်း၊ ဖြန့်ဝေခြင်းနှင့် ရောင်းချခြင်းမပြုရန်၊ ဒီဂျစ်တယ်ငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းမပြုရန်နှင့် အွန်လိုင်းလိမ်လည်မှု စင်တာဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်းတို့အပြင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးစေခဲ့ပါက ပြစ်ဒဏ်အဖြစ်သေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်သူတို့ကို ထိရောက်သည့်ပြစ်ဒဏ်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ ပေါ်ထွက်လာမည်ဆိုလျှင် ဆိုက်ဘာရာဇဝတ်မှုကျူးလွန်သူများ၏ရန်မှ အပြည့်အဝအကာအကွယ်ပေးနိုင်မည့်အပြင် ပြည်သူများ၏ ငွေကြေးနှင့်ကိုယ်ရေးအချက်အလက်များ အပြည့်အဝလုံခြုံစွာ ကာကွယ်သွားနိုင်မည်ဖြစ်ပါသည်။

ဥပဒေများစိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ၁၄-၅-၂၀၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၇) ၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်

## "ILO ကွန်ဗင်းရှင်း အမှတ် ၈၇ အရ အလုပ်သမားများ သပိတ်မှောက်ခွင့်ရှိကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံး ICJ မှ Advisory Opinion ချမှတ်ခြင်း"

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သည် "အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ကွန်ဗင်းရှင်း အမှတ် ၈၇ (ILO Convention No. 87) အရ အလုပ်သမားများ၏ သပိတ်မှောက်ခွင့် (တောင်းဆိုခွင့်)သည် အလုပ်သမားများကို အကာအကွယ်ပေးထားသည့် အခြေခံလူ့အခွင့်အရေး ဖြစ်ကြောင်း" အကြံပြုဆုံးဖြတ်ချက် (Advisory Opinion) တစ်ရပ်ကို ၂၀၂၆ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ကွန်ဗင်းရှင်းအမှတ် ၈၇ (ILO Convention No. 87)သည် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဖွဲ့စည်းခွင့်ကိုကာကွယ်ပေးသည့် ကွန်ဗင်းရှင်း တစ်ခုဖြစ်ပါသည်။၎င်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)က ချမှတ်ထားသည့် အရေးကြီးဆုံးကွန်ဗင်းရှင်းတစ်ခုဖြစ်ပြီး အလုပ်သမားများနှင့် အလုပ်ရှင်များကို မိမိတို့၏ဆန္ဒဖြင့် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် ပါဝင်ခွင့်ကို အပြည့်အဝ အာမခံချက်ပေးထားပါသည်။ ၁၉၅၅ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံက ကွန်ဗင်းရှင်း အမှတ် ၈၇ အား အတည်ပြု ပါဝင်ခဲ့ပြီး ဖြစ်ပါသည်။

ဆယ်စုနှစ်များစွာကတည်းကပင် ILO Convention No. 87 တွင် "သပိတ်မှောက်ခွင့်" ဟူသော စာသားကို တိုက်ရိုက်ထည့်သွင်း ရေးသားထားခြင်း မရှိသဖြင့် သပိတ်မှောက်ခွင့်ပေးထားခြင်း ရှိ၊ မရှိ ဆိုသည့်အချက်မှာ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားကိုယ်စားလှယ်များအကြား အယူအဆ ရေးရာ၌ ကွဲလွဲမှုများ ရှိခဲ့ကြပါသည်။အဆိုပါအငြင်းပွားမှုကို ဖြေရှင်းရန် ILO အဖွဲ့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (UN Charter) အပိုဒ် ၉၆(၁)၊ the Statute of the Court ၏ အပိုဒ် ၆၅(၁)၊ Rule of Court ၏ အပိုဒ် ၁၀၃ နှင့် ILO ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၇(၁)တို့ကို ကိုးကား၍ ၂၀၂၃ခုနှစ် နိုဝင်ဘာလတွင် ICJ ထံသို့ Advisory Opinion ကို တောင်းခံခဲ့ပါသည်။

ICJ က သုံးသပ်မှုပြုရာတွင် Vienna Convention ၏ အပိုဒ် ၃၁ မှ ၃၃ ပါ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးစံများအရ ဤကွန်ဗင်းရှင်း အာဏာသက်ဝင်ခဲ့ကြောင်း၊ ILO Convention No. 87 ၏ မူရင်း စာသားများထဲတွင် "ဆန္ဒပြပိုင်ခွင့်" (Right to Strike)ဟူသည့် စကားလုံးကို မည်သည့်အပိုဒ်တွင်မျှ တိုက်ရိုက်ထည့်သွင်းရေးသားထားခြင်း မရှိသော်လည်း ဖယ်ထုတ်ထားသည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း၊ "ဆန္ဒပြပိုင်ခွင့်"(Right to Strike)၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက် (၂)ချက်အပေါ် သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

ပထမအချက်မှာ ILO Convention No. 87၏ အပိုဒ် ၃ အရ “အလုပ်သမားအဖွဲ့အစည်းများသည် မိမိတို့၏လုပ်ငန်းဆောင်တာများကို လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်(Right to organize their activities) နှင့် မိမိတို့၏ အစီအစဉ်များကို လွတ်လပ်စွာချမှတ်ပိုင်ခွင့် (Formulate their programmes) ရှိရမည်ဖြစ်ပြီး အုပ်ချုပ်ရေးအာဏာပိုင်များသည် ဤအခွင့်အရေးကို ကန့်သတ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမျိုး လုံးဝမပြုလုပ်ရပါ”ဟူသော ပြဋ္ဌာန်းချက်အရ အလုပ်သမားသမဂ္ဂများအနေဖြင့် မိမိတို့၏အစီအစဉ်များနှင့် လုပ်ငန်းများကို လွတ်လပ်စွာစီမံပိုင်ခွင့်ရှိရာတွင် "ဆန္ဒပြခြင်း"(Strike)သည် ဆောင်ရွက်ခြင်း(activities)ဆိုသည့် စကားရပ်တွင်ပါဝင်ကြောင်းနှင့် ဒုတိယအချက်မှာ ILO Convention No. 87 ၏ အပိုဒ် ၁၀ အရ အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဆန္ဒပြပိုင်ခွင့်(Right to Strike) မရှိပါက "အသင်းအဖွဲ့ဖွဲ့စည်းခွင့်"ဆိုသည့် အခွင့်အရေးသည် အနှစ်သာရရှိနိုင်မည် မဟုတ်ဟု သုံးသပ်မှုပြုခဲ့ပါသည်။

အထက်ဖော်ပြပါ အချက်(၂)ချက်ကို အခြေခံကာ  တရားရုံးက မဲခွဲဆုံးဖြတ်မှု ၁၀ မဲ ၄ မဲဖြင့် အလုပ်သမားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများ၌ သပိတ်မှောက်ခွင့်ရှိကြောင်းကို အဆိုပါပြဋ္ဌာန်းချက်က အကာအကွယ်ပေးထားသည်ဟု အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။သပိတ်မှောက်ခွင့်(Right to Strike) နှင့်စပ်လျဉ်း၍  (International Court of Justice - ICJ)မှ ထုတ်ပြန်ခဲ့သည့် Advisiory Opinion သည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားသန်းပေါင်းများစွာအတွက် လုပ်ငန်းခွင်လုံခြုံရေး၊ တရားမျှတ

သော လုပ်ခလစာနှင့် လူသားဆန်သောလုပ်ငန်းခွင် ပတ်ဝန်းကျင်ကို ဥပဒေအကာအကွယ်အောက်တွင် ဖန်တီးပေးနိုင်မည့် သမိုင်းဝင်ခြေလှမ်းသစ်တစ်ခု ဖြစ်လာခဲ့ပါသည်။

သို့ရာတွင် ICJ သည် right to strike နှင့်စပ်လျဉ်း၍ တိကျသောအကြောင်းအရာ၊ အတိုင်းအတာ သို့မဟုတ် ကျင့်သုံးရမည့် စည်းကမ်းချက်ဥပဒေများကို ဆုံးဖြတ်ပေးခဲ့ခြင်း မရှိသောကြောင့် နိုင်ငံအသီးသီးက မိမိတို့၏ ပြည်တွင်းဥပဒေများအတိုင်း ဆက်လက်စီမံပိုင်ခွင့်ရှိနေဆဲဖြစ်ပြီး ဤဆုံးဖြတ်ချက်သည် ILO Convention No. 87 အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းအလုပ်သမားဥပဒေများနှင့် တရားရုံးဆုံးဖြတ်ချက်များအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိနိုင်မည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

1. Right to Strike under ILO Convention No. 87, Advisory Opinion, I.C.J. Reports (Recent Judgment reference).
2. https://www.icj-cij.org/sites/default/files/case-related/191/191-20231110-req-01-00-en.pdf
3. Freedom of Association and Protection of the Right to Organize Convention, 1948 (No. 87)
4. https://www.ilo.org/topics-and-sectors/freedom-association/interpretation-convention-no-87-respect-right-strike
5. International Labour Organization (ILO), Constitution of the International Labour Organisation, 1 April 1919

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၇)

၂၀၂၆ ခုနှစ် ဖွန်လ ၅ ရက်

## တရားစွဲဆိုခြင်းမပြုမီ အမှုသည်သေဆုံးခြင်းနှင့် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းအကြောင်း

တရားမမှုများစွဲဆိုခြင်းမပြုမီ အမှုသည်သေဆုံးသွားပါက ၎င်းအပေါ် တရားစွဲဆိုခွင့် ကုန်ဆုံးသည်မှာ အများလက်ခံသည့်သဘောတရားတစ်ခုဖြစ်ပါသည်။တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ တွင် တရားစွဲဆိုထားစဉ်အတွင်း အမှုသည်သေဆုံးခြင်းကြောင့် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းသည့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားသော်လည်း တရားစွဲဆိုခြင်းမပြုမီ အမှုသည်သေဆုံးခြင်းကြောင့် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို တရားမကျင့်ထုံးဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိပေ။သို့ရာတွင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉ အရ တရားမကြောင်းဆိုင်ရာအမှုများကို တရားရုံးများက စီရင်ပိုင်ခွင့်ရှိရာ ပစ္စည်းသို့မဟုတ် ငွေကြေးဆိုင်ရာအမှုများတွင် တရားမစွဲမီ အမှုသည်သေဆုံးသော်လည်း သေဆုံးသူ၏ပစ္စည်းကို ဆက်ခံသူများ သို့မဟုတ် ကိုယ်စားပြုသူများအပေါ်တွင် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို ပိတ်ပင်ထားခြင်း မရှိသဖြင့် တရားမစွဲမီအမှုသည်သေဆုံးသော်လည်း ၎င်း၏အမွေစားအမွေခံများ၊ ပစ္စည်းထိန်းများကို တရားဝင်ကိုယ်စားလှယ် ထည့်သွင်းတရားစွဲဆိုနိုင်သည့်အကြောင်း အများသူငှာ သိရှိနားလည်စေရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

တရားစွဲဆိုခြင်းမပြုမီ အမှုသည်သေဆုံးခြင်းနှင့်စပ်လျဉ်း၍ ၁၈၅၅ခုနှစ်၊ တရားဝင်ကိုယ်စားလှယ်ဆိုင်ရာတရားမမှုအက်ဥပဒေ ပုဒ်မ ၁ တွင် မကွယ်လွန်မီတစ်နှစ်အတွင်း ပြုလုပ်ခဲ့ခြင်း သို့မဟုတ် ပြုလုပ်ခံရခြင်းများအတွက် ကွယ်လွန်သူပိုင်ဆိုင်သော ပစ္စည်းများကျန်ရှိလျှင် ဆက်ခံသူများအား တရားဝင်ကိုယ်စားလှယ် ထည့်သွင်းတရားစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်ပြင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂(၁၁)ပါ တရားဝင်ကိုယ်စားလှယ်ဟူသည့် စကားရပ်တွင် ကွယ်လွန်သူ၏အမွေပစ္စည်းတွင် ဥပဒေနှင့်အညီ ပါဝင်သူ၊ ဝင်ရောက်စွက်ဖက်သူ၊ ကွယ်လွန်သူ၏ပစ္စည်းကို ဆက်ခံသူလည်း ပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တွေ့ရှိရသဖြင့် သေဆုံးသူ မကွယ်လွန်မီ ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်ခံရသော နစ်နာမှုများအတွက် အဆိုပါလူပုဂ္ဂိုလ်များကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းစွဲဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် တရားမမှုသဘောသက်ဝင်သော ပဋိညာဉ်အက်ဥပဒေ၊ သီးခြားသက်သာခွင့်အက်ဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ အမွေဆက်ခံခြင်းအက်ဥပဒေ စသည့်ဥပဒေများအရ စွဲဆိုမှုများ၌ ပစ္စည်း သို့မဟုတ် ငွေကြေးဆိုင်ရာ၊ ပစ္စည်းခွဲဝေရေး၊ ကြေးမြီဆိုင်ရာ စသည့်စွဲဆိုမှုများတွင် တရားစွဲဆိုရန် ကာလစည်းကမ်းသတ်မတိုင်မီ အမှုသည်သေဆုံးသွားလျှင် ကွယ်လွန်သူ ပိုင်ဆိုင်သည့် ပစ္စည်းများ ကျန်ရှိပါက အဆိုပါပစ္စည်းများအပေါ် အရေးယူနိုင်ရေးအတွက် အဆိုပါပစ္စည်းများကို ဆက်ခံသူ ဇနီး၊ ခင်ပွန်း၊ သားသမီးများ၊ ဆွေမျိုးများနှင့် အဆိုပါအမွေပစ္စည်းများအား ထိန်းသိမ်းထားသူများအပေါ် တရားဝင်ကိုယ်စားလှယ်ထည့်သွင်း တရားစွဲဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

အပေါင်မှုများတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ နည်း ၃ (၄) အရ ပစ္စည်းပေါင်သူ ကွယ်လွန်ပြီးဖြစ်ပါမူ ၎င်း၏အမွေစား၊ အမွေခံများအပေါ် မပြေကျေသောကြွေးမြီအတွက် ပုဂ္ဂလိက ဒီကရီချမှတ်နိုင်ကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၂ အရ ပစ္စည်းပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သော ပုဂ္ဂလိကငွေဒီကရီသည် ကွယ်လွန်သွားသော ပစ္စည်းပေါင်သူ၏ အမွေပစ္စည်းများမှ ပေးဆပ်ရန်ဒီကရီမျိုးဖြစ်ရန် လိုအပ်ကြောင်း **ဦးစံဝင်းပါ ၂နှင့် ဘဏ်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်မြို့၊ ၁၉၈၈ခုနှစ်၊ မတစ စာ- ၅** တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

တရားစွဲဆိုခြင်းမပြုမီ မြီစားကွယ်လွန်သွားရာ မြီရှင်အနေဖြင့် မည်သူ့ထံမှ ရပိုင်ခွင့်တောင်းဆိုရမည်ကို သံသယဖြစ်ဖွယ်တွေ့ရှိရသဖြင့်  ကွယ်လွန်သူ၏ အကျိုးဆက်ခံခွင့်ရှိသူမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရလျှင် တရားပြိုင်အားလုံးကို အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုနိုင်ကြောင်း **ဦးအောင်ကျော်ဝင်း နှင့် ဒေါ်ခင်လေးငယ်(ခ) ဒေါ်ညီညီ ပါ ၅ ၊ ၂၀၂၃ ခုနှစ်၊ မတစ၊ စာ ၇၉** အမှုတွင် လမ်းညွှန်ထုံးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာ တရားစွဲဆိုခြင်းမပြုမီ အမှုသည်ကွယ်လွန်သော်လည်း တရားဝင်ကိုယ်စားလှယ်ထည့်သွင်းစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ ၁၈၅၅ ခုနှစ်၊ တရားဝင်ကိုယ်စားလှယ်ဆိုင်ရာ တရားမမှုအက်

ဥပဒေအရ မကွယ်လွန်မီတစ်နှစ်အတွင်း ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်ခံရခြင်းကြောင့် နစ်နာမှုများတွင်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ တရားမသဘောသက်ဝင်သော နစ်နာမှုများတွင်လည်းကောင်း ကွယ်လွန်သူပိုင်ဆိုင်သည့် ပစ္စည်းများကျန်ရှိပါက ယင်းပစ္စည်းများကို ဆက်ခံသည့် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုးများနှင့် အဆိုပါအမွေပစ္စည်းများကို ထိန်းသိမ်းထားသူများအား တရားဝင်ကိုယ်စားလှယ် ထည့်သွင်း တရားစွဲဆိုနိုင်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဝန်ကြီးဌာန

**ကိုးကားချက်**

- တရားမကျင့်ထုံးဥပဒေ

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၇)

၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်

## စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့်ဉာဏ်ရည်တု(AI)နည်းပညာပြဿနာ

“စာပေနှင့်အနုပညာမူပိုင်ခွင့်"ဥပဒေပုဒ်မ၂(ဇ)အရ မူပိုင်ခွင့် (Intellectual Property Rights) ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် တီထွင်ဖန်တီးမှုကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့်အခွင့်အရေးကိုဆိုသည်။ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်လည်း ပါဝင်ပါသည်။

ယင်းဥပဒေပုဒ်မ ၂(ဈ)အရ “စာပေနှင့်အနုပညာမူပိုင်ခွင့်”ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်က ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိသောစာပေနှင့် အနုပညာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဆိုသည်။ ယင်းဥပဒေပုဒ်မ ၂(ဋ) အရလည်း “မူလလက်ရာရှင်” ဆိုသည်မှာ ဤဥပဒေအရ အကာအကွယ်ပေးခြင်းခံရသော စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ရပ်ရပ်ကို မိမိ၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပြုလုပ်သည့် လူပုဂ္ဂိုလ်ကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

ယင်းဥပဒေပုဒ်မ၂(ဍ)အရ “စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်” ဆိုသည်မှာ မူလလက်ရာရှင်၊ စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊ စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

ယခုအခါ (AI)နည်းပညာဖြင့် မူလလက်ရာရှင် သီချင်းပိုင်ရှင်များ၏ ခွင့်ပြုချက်မရှိဘဲ အမျိုးသမီး သီဆိုသည့်သီချင်းများကို အမျိုးသားအသံဖြင့်လည်းကောင်း၊ အမျိုးသား သီဆိုသည့် သီချင်းများကို အမျိုးသမီးအသံဖြင့်လည်းကောင်း၊ အခြားဘာသာစကားများသို့ ပြောင်းလဲ၍လည်းကောင်း၊မူလလက်ရာရှင်သီချင်းပိုင်ရှင်၏ တေးသီချင်းသံစဉ်တွင် အခြားစာသားများ ပြောင်းလဲ၍ လည်းကောင်း၊ Facebook, TikTok စသည့် Media platform အမျိုးမျိုးတွင် ထုတ်လွှင့်

အသုံးပြုသည့်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ မူပိုင်ခွင့်စီမံခန့်ခွဲရေးကော်မတီက မူပိုင်ခွင့်ပိုင်ရှင်များထံမှ ခွင့်ပြုချက်မရရှိပါက ဥပဒေအရငြိစွန်းကြောင်း ကြေညာရသည်အထိ ဖြစ်ပွားလာပါသည်။

ယင်းဥပဒေပုဒ်မ ၄၃(က)အရ စာပေနှင့်အနုပညာမူပိုင်ခွင့်သို့မဟုတ် ပတ်သက်ဆက်နွှယ်သည့်အခွင့်အရေးများ စီမံခန့်ခွဲမှုဆိုင်ရာသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ အီလက်ထရောနစ်သတင်းအချက်အလက်တစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏သဘောတူညီချက် မပါဘဲ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်း မပြုရဟု လည်းကောင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ပြီးနောက် ဖြန့်ချိခြင်း သို့မဟုတ် တင်သွင်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း မပြုရဟု ပြဋ္ဌာန်းထားပြီး ယင်းပုဒ်မအရ တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက ယင်းဥပဒေပုဒ်မ ၈၂ အရ သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းအောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည့်အတွက် (AI)နည်းပညာအသုံးပြုသူများအနေဖြင့် သတိပြုဆင်ခြင်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

သတင်းအချက်အလက်နည်းပညာဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

